# အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့

# လန်ဒန်ဗိဟာရကျောင်း၌ ဝဿဓအကြိမ် သင်ကြားပို့ချအပ်သော

# ဗုဒ္ဓအဘိဓမ္မာသင်တန်း

## အပါတ်စဉ် [ ၅ ]

## [ ၀၃၊ ၀၉၊ ၂၀၁၁ ]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စိတ်၊ စေတသိက်များအကြောင်း

## သောမနဿဖြစ်ခြင်းအကြောင်း ၃-ပါး

**၁။ သဘာဝဣဋ္ဌာရုံ, ပရိကပ္ပဣဋ္ဌာရုံ တစ်ပါးပါးနှင့် တွေ့ကြုံရခြင်း။**

အလတ်တန်းစားလူတို့ နှစ်သက်အပ်သော အာရုံကိုသဘာဝ ဣဋ္ဌာရုံ (ရိုးရိုး ဣဋ္ဌာရုံ) ဟုခေါ်၏၊ အများအကြိုက် အားဖြင့် ဣဋ္ဌာရုံဟုမဆိုထိုက်သော်လည်း "ကိုယ်ထင်လျှင် ခုတင်ရွှေနန်း" ဆိုသည့်အတိုင်း တစ်စုံတစ်ယောက်၏ ဣဋ္ဌာရုံဟု ထင်မှတ်လောက်သော အနိဋ္ဌာရုံသည် ပရိကပ္ပဣဋ္ဌာရုံမည်၏။ ဥပမာ-မစင် ခွေးကောင်ပုပ်၌ ခွေး လင်းတ တို့၏ ဣဋ္ဌထင်နေပုံမျိုးတည်း။ ဤသို့ သဘာဝဣဋ္ဌဖြစ်စေ, ပရိကပ္ပဣဋ္ဌဖြစ်စေ ဣဋ္ဌာရုံတစ်ခုခုနှင့် တွေ့ကြုံလျှင် သောမနဿဖြစ်တတ်၏။

**၂။ သောမနဿ သဘာဝတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ခြင်း။**

သောမနဿစိတ်နှင့် ပဋိသန္ဓေနေခဲ့သူ၌ ပဋိသန္ဓေမျိုးစေ့ကပင် သောမနဿဖြစ်ခဲ့သောကြောင့် နောက်နောက်အခါလည်း ဥပေက္ခာဖြစ်လောက်သည့် အာရုံမှာပင် သောမနဿစိတ်ဖြစ်၏။

**၃။ စိတ်နေစိတ်ထား မလေးနက်ခြင်း။**

စိတ်နေသဘောထား မလေးနက်သူသည် မည်သည့်အရာ၌မဆို သဘောကျ-ဝမ်းမြောက်လွယ်သောကြောင့် အတော်အတန့်အာရုံကိုပင် နှစ်သက်တတ် ဝမ်းမြောက်တတ်၏။

**ဆောင်။** ။ သဘာဝ ပရိကပ်, နှစ် ဣဋ္ဌပ်နှင့်၊ သောမနသ်မည်, သန္ဓေတည်လျက်၊ မလေးနက်ငြား, သဘောထား၊ သုံးပါးသောမနဖြစ်ကြောင်းတည်း။

# စိတ်၊ စေတသိက်များအကြောင်း

## ဥပေက္ခာဖြစ်ခြင်းအကြောင်း ၄-ပါး

**၁။ ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံရခြင်း။**

လွန်လွန်ကဲကဲ အလိုရှိအပ်သောအာရုံကို "အတိဣဋ္ဌာရုံ"ဟုခေါ်၏။ တော်ရုံတန်ရုံ အလိုရှိအပ်သောအာရုံကို "ဣဋ္ဌမဇ္ဈတ္တာရုံ" ခေါ်၏။ ဤသို့ ဣဋ္ဌမဇ္ဈတ္တာရုံနှင့်တွေ့ကြုံလျှင် ဥပေက္ခာဖြစ်တတ်၏။

**၂။ ဥပေက္ခာသဘာဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ခြင်း။**

ဥပေက္ခာစိတ်နှင့် ပဋိသန္ဓေနေခဲ့သူ၌ ပဋိသန္ဓေမျိုးစေ့ကပင် ဥပေက္ခာဖြစ်ခဲ့သောကြောင့် နောက်နောက်အခါလည်း ဥပေက္ခာစိတ်ဖြစ်၏။

**၃။ စိတ်နေစိတ်ထား လေးနက်ခြင်း။**

စိတ်နေသဘောထား လေးနက်သူသည် အရာရာ၌ စဉ်းစားဆင်ခြင်မှုအားကြီးသောကြောင့် တွေ့သမျှ ဣဋ္ဌာရုံတိုင်း၌ တော်တော်နှင့် ဂမ်းမမြောက်ပဲ လျစ်လျူရှုကာ ဥပေက္ခာသဘာဂုတ်စိတ်လောက်သာ ဖြစ်တတ်၏။

**၄။ မူဂဓာတုကထာ-ဖျင်းအသောဓာတ်သဘောရှိသူဖြစ်ခြင်း။**

ထိုင်းမှိုင်း ဖျင်းအသူသည် အလွန်ဂမ်းမြောက်ဖွယ် အာရုံနှင့် တွေ့ကြုံရသော်လည်း ဂမ်းမြောက်ရမှန်း မသိတတ်၍ ဥပေက္ခာ ပြုလျက်လျစ်လျူရှုတတ်သည်။

**ဆောင်။** ။ ဣဋ္ဌမဇ္ဈာ၊ ဥပေက္ခာဖြင့်, ကောင်းစွာ သန္ဓေ, စွဲကပ်ပေ၍၊ စိတ်နေလေးနက်၊ ဤသုံးချက်မှာ၊ ဥပေက္ခာပေါင်း၊
ဖြစ်တတ်ကြောင်းတဲ့၊ ထပ်လောင်းမူဂ-ဓာတုကထာ, ထည့်သောခါ၊ မှတ်ပါလေးချက်တည်း။

# စိတ်၊ စေတသိက်များအကြောင်း

## ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ၂-ပါး

**၁။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ တစ်ပါးပါးဟူသောအာသယရှိခြင်း။**

သံသရာမှလွတ်မြောက်မှုကို မမြော်လင့်သော ဝဋ္ဋနိဿိတပုထုဇဉ် ပုဂ္ဂိုလ်များ၏ စိတ်နေစိတ်ထားလည်း သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ တစ်ပါးပါးတို့၌ သက်ဝင်ခိုအောင်းလျက်နေတတ်၏။ ယခုလောလောဆယ်အားဖြင့် ထိုမိစ္ဆာအယူကို မယူစေကာမူ ရှေးရှေးဘဝက မိစ္ဆာအယူတစ်ခုခုကို စွဲမြဲခဲ့သူဖြစ်လျှင် ဆင်ခြင်စဉ်းစားတိုင်း ထိုမိစ္ဆာအယူကပင် မှန်ကန်သကဲ့သို့ ထင်တတ်လေ၏။ ထို့ကြောင့် မိစ္ဆာအယူတစ်ပါးပါးသည် ဝဋ္ဋနိဿိတပုထုဇဉ် ပုဂ္ဂိုလ်များ၏ အာသယပင်တည်း။ ထိုကဲ့သို့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော အာသယတစ်ပါးပါးရှိခြင်းသည် ဒိဋ္ဌိအမျိုးမျိုး ဖြစ်ခြင်း၏အကြောင်းတည်း။

**၂။ မိစ္ဆာအယူရှိသော တိတ္ထိများကို လေးစားမြတ်နိုးလျက် ထိုသူတို့နှင့် တွဲဖက်ပေါင်းသင်းခြင်း။**

ကံ, ကံ၏အကျိုးကို မယုံကြည်သော လူမျိုးမှန်သမျှကို "တိတ္ထိယ"ဟုဆိုလို၏။ ထိုတိတ္ထိတို့နှင့် ပေါင်းသင်းဆက်ဆံများ၍ ထိုသူတို့ အပြုအမူကိုပင် အကောင်းထင်နေသူသည် မကြာခင် အယူမှားသဖြင့် တိတ္ထိဖြစ်သွားတတ်၏။ ထို့ကြောင့် အယူမှားသူတို့နှင့် ပေါင်းသင်းမှုများခြင်းလည်း ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းတည်း။

ဆောင်။ ။ သဿတနှင့်, ဥစ္ဆေဒဟု, နှစ်ဝဒိဋ္ဌိ, အာသယရှိသား၊ တိတ္ထိများဟူ, ယူမှားသူကို, ကြည်ဖြူလေးမြတ်၊ ဤနှစ်ရပ်၊ မှတ်လေ ဒိဋ္ဌိဖြစ်ကြောင်းတည်း။

# စိတ်၊ စေတသိက်များအကြောင်း

- အသင်္ခါရိကဖြစ်ခြင်းအကြောင်း ၆-ပါး

၁။ အသင်္ခါရိကကံကြောင့် အသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေနေရခြင်း။

ဘဝတစ်ခုမှာ ပထမဆုံးဖြစ်တဲ့ ပဋိသန္ဓေစိတ်ဟာ အသင်္ခါရိကစိတ်ဖြစ်ခဲ့တယ်။ အဲဒီလို သူ့စိတ်ဟာ အသင်္ခါရိကနဲ့ ပဋိသန္ဓေနေခဲ့တယ်ဆိုတော့ သူ့ဘဝမှာ အသင်္ခါရိက ဘဝင်စိတ်တွေ အများကြီးဖြစ်ပြီး ဒီအလေ့အထုံဟာရှိနေတော့ အသင်္ခါရိကစိတ်တွေအဖြစ်များတယ်၊ ဖြစ်တတ်တယ်။

၂။ ခန္ဓာကိုယ်၏ ခိုင်ခံ့ကျန်းမာခြင်း။

ကျန်းမာသည့်အခါ မည်သည့်ကိစ္စဥ်မဆို မတွန့်မဆုတ်ဘဲ အသင်္ခါရိကစိတ်ဖြင့် ပြုလုပ်တတ်သည်။

၃။ နေပူမိုးရွာ ဆောင်းနှင့်အခါတို့၌ အချမ်းအပူကို နမ်းတလုံးလောက် မျှထီမထင်ခြင်း, ဂရုမစိုက်ခြင်း။

ပင်ကိုကစိတ်နေထက်၍ အချမ်းအပူကို ဂရုမစိုက်တတ်လျှင် သူတစ်ပါးက မတိုက်တွန်းရဘဲ အသင်္ခါရိက စိတ်ဖြင့် ပြုလုပ်တတ်သည်။

# စိတ်၊ စေတသိက်များအကြောင်း

**၄။ လုံ့လဂီရိယ၏အကျိုးကို မျှော်ကိုးယုံကြည်ခြင်း။**

ရေးကံတစ်ခုကိုသာ အားမကိုးဘဲ ဂီရိယအကျိုးကလည်း အားကိုးသူသည် သူတစ်ပါး မတိုက်တွန်းရဘဲ အသခၤါရိကစိတ်ဖြင့် ပြုလုပ်တတ်သည်။

**၅။ မိမိပြုရိုးပြုစဉ်ကိစ္စ၌ အလေ့အကျင့်ရခြင်း။**

ထိုကဲ့သို့ ကျင့်သားရနေလျှင်လည်း မတိုက်တွန်းရဘဲ ပြုလုပ်တတ်သည်။

**၆။ ဥတုဘောဇဉ်တို့ မျှတခြင်း။**

မိမိနှင့်သင့်တော်သောဥတုဂယ် နှစ်သက်သော အစားအသောက်များကို စားသောက်ရလျှင် ဆိုင်ရာ အလုပ်ကို အသခၤါရိကစိတ်ဖြင့် အားတက်သရော ပြုလုပ်တတ်သည်။

**ဆောင်။** ။ အသင်္ခါရံ့, ဖြစ်ကြောင်းမှန်က၊ ယင်းကံမှန်လေ၊ တည်သန္တေနှင့်၊ ကိုယ်နေ ခံ့ကျန်း၊ ပူအချမ်းကို၊ နမ်းမျှလောက်ပင်၊ ထီမခင်ခဲ့၊ အစဉ်လုံ့လ၊ ဂီရိယကြောင့်၊ ရမည့်အကျိုး၊ ရည်မျှော်ကိုး၏၊ ပြုရိုးကိစ္စ၊ လေ့ကျင့်ရနှင့်၊ ဘောဇန ဥတု၊ မျှတမှုဟု၊ ခြောက်ခုကြောင်းအင်၊ ပြောင်းပြန်လျှင်၊ သသင်္ခါရဖြစ် ကြောင်းတည်း။

# စိတ်၊ စေတသိက်များအကြောင်း

- **ဒေါမနဿနှင့်ပဋိဃတို့ဖြစ်ခြင်းအကြောင်း ၄-ပါး**

**၁။ ဒေါသဇ္ဈာသယ ဓာတ်ခံရှိခြင်း။**

ဒေါသဓာတ်ခံပါလာသူသည် စိတ်တိုစရာမဟုတ်ဘဲ စိတ်တိုတတ်၏။

**၂။ စိတ်သဘော၏ တိမ်ကောသေးနုခြင်း။**

စိတ်သဘော မကြီးမား မလေးနက်သူသည် ဂမ်းမြောက်ဖို့ အရေးကိစ္စဂယ် ဂမ်းသာလွယ်သလောက် မကြာမကြာလည်း စိတ်ကောက်တတ်၊ ဂမ်းနည်းတတ်၏။

**၃။ အကြားအမြင် နည်းပါးခြင်း။**

ဗဟုသုတနည်းပါးသူသည် မိမိအလုပ်ကိုသာ အဟုတ်ကြီးထင်တတ်၏၊ ဆန့်ကျင်ဘက်တွေ့လျှင် စဉ်းစားဆင်ခြင် ပြင်ဆင်တတ်သောဉာဏ်မရှိရကား စိတ်ဆိုးမှု၌ အဆုံးသပ်ရတတ်၏။

# စိတ်၊ စေတသိက်များအကြောင်း

**၄။ အနိဋ္ဌာရုံနှင့် တွေ့ကြုံရခြင်း။**

ဤ ၄-နံပါတ်အကြောင်းကား ဒေါမနဿ ပဋိဃတို့ဖြစ်ဖို့ရာ အချုပ်အခြာတည်း။ ဒေါသဖွားသယ ဓာတ်ခံရှိခြင်းစသော ရှေးသုံးမျိုးမှာ အနိဋ္ဌာရုံမဟုတ်ဘဲ ဣဋ္ဌာရုံကိုပင် အထင်လွဲ၍ သဲသဲမဲမဲ ဒေါသ ဖြစ်တတ်သော အကြောင်းတည်း။ တကယ် အနိဋ္ဌာရုံနှင့်တွေ့ကြုံလျှင်ကား သာမန်လူတို့ ဒေါသ မဖြစ်အောင် တိမ်ရှောင်နိုင်ခဲ၏။

**ဆောင်။** ။ ဒေါမနဿ၊ ပဋိဃတို့၊ ဖြစ်ကြရန်လှစ်၊ အကြောင်းစစ်က၊ ဒေါသဖွားသယော၊ စိတ်သဘော၏၊ တိမ်ကောသေးန၊ အပွသုနှင့်၊ တွေ့မှုအနိဋ္ဌ၊ ဤလေးဂသည်၊ မှတ်ကြနှင့်ဖွယ် အချုပ်တည်း။

# စိတ်၊ စေတသိက်များအကြောင်း

## ဉာဏသမ္ပယုတ်စိတ်ဖြစ်ခြင်းအကြောင်း ၅-ပါး

**၁။ ဉာဏ်ပညာထက်ရပါလို၏ဟုဆုတောင်းရခြင်း။**

မည်သည့်ကောင်းမှုမဆို ရေးပြုစဉ်အခါတုန်းက "ဤကောင်းမှုကြောင့် ဖြစ်ရာဘဝ၌ ဉာဏ်ပညာထက်မြက်သူ ဖြစ်ရပါလို၏" ဟု ဆုတောင်း၍ ကောင်းမှုပြုခဲ့လျှင် ထိုကုသိုလ်ကံ အကျိုးပေးရာဘဝ၌ ဉာဏ်ပညာ ထက်မြက်သူဖြစ်၍ ဉာဏသမ္ပယုတ်စိတ် အဖြစ်များတတ်သည်။

**၂။ ရူပဗြဟ္မာ့ဘုံမှာဖြစ်ရခြင်း။**

ရူပဘုံ၌ ဥတုသပ္ပါယ မျှတခြင်း၊ လောကီအာရုံ ကာမဂုဏ်ကင်းဆိတ်ခြင်း၊ ဒေါသ ဗျာပါဒမရှိခြင်း ဤအကြောင်းတို့ကြောင့် ဉာဏသမ္ပယုတ်စိတ် အဖြစ်များ၏။

**၃။ ပညာရင့်ကျက်ချိန်သို့ရောက်ခြင်း။**

သတ္တဝါတို့သည် ငယ်ရွယ်စဉ်အခါ၌ လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်စက်ညွတ်နေခြင်း၊ သမာဓိနည်းပါးခြင်း၊ လောကီ လောကုတ္တရာဆိုင်ရာတို့၌ အကြားအမြင် ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ဉာဏ်ရှိသင့်သလောက် မရှိသေး။ အသက် (၄၀) ကျော် (၅၀) အတွင်းကို "ပညာဒသက" ဟုဆို၏။ ထိုအရွယ်ကျမှ ကာမဂုဏ်စိတ်နည်းပါး၊ သမာဓိကြီးမား၍ ဗဟုသုတများသဖြင့် ဉာဏ်ထက်ကြပေသည်။ ထိုအခါ ဉာဏသမ္ပယုတ်စိတ် အဖြစ်များသည်။

# စိတ်၊ စေတသိက်များအကြောင်း

## အရှယ် ၁၀ ပါး ပိုင်းခြားပုံ

၁။ မန္ဒဒသက-ပညာနဲ့သောအရွယ်
၂။ ခိဍ္ဍဒသက-စိတ်ပျံ့လွင့်သောအရွယ်
၃။ ဝဏ္ဏဒသက-အဆင်းဆောင်သောအရွယ်
၄။ ဗလဒသက-ခွန်အားပြည့်စုံသောအရွယ်
၅။ ပညာဒသက-ပညာရသောအရွယ်
၆။ ဟာယနဒသက-အားယုတ်သောအရွယ်
၇။ ပဗ္ဘာရဒသက-လေးလံသောအရွယ်
၈။ ကုင္ဍလဒသက-ကိုင်းညွှတ်ခါးကုန်းသောအရွယ်
၉။ မုဟာဒသက-တွေဝေသောအရွယ်
၁၀။ သယနဒသက-တုံးလုံးနေရသောအရွယ်။

### ၄။ ဘာဂနာ၏အစွမ်းကြောင့် ကိလေသာတွေကုန်ခန်းနေခြင်း။

ငယ်ပင်ငယ်သော်လည်း ဘာဂနာကမ္မဋ္ဌာန်း စီးဖြန်းနေသူဖြစ်လျှင် (သို့မဟုတ်-ပညာရေး၌ ဂရုစိုက်နေသူဖြစ်၍ ကိလေသာနည်းပါးလျှင်) ဉာဏ်ပညာ ထက်မြက်တတ်၏။

### ၅။ တိဟိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း။

တိဟိတ်ပဋိသန္ဓေနေခဲ့သူ၌လည်း မူလရင်း ပဋိသန္ဓေမျိုးစေ့က ဉာဏ်ဓာတ်ပါလာသဖြင့် ဉာဏသမ္ပယုတ်စိတ်များသာ ဖြစ်တတ်သည်။

**ဆောင်။** ။ ရှေးကပညာ၊ ဖြစ်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့၊ ယခုရှုပ၊ ဘုံဋ္ဌာန၌၊ ဖြစ်ရပြန်ပေ၊ ပညိန္ဒြေတောက်၊ ရင့်ချိန်ရောက်က၊ ဘာဂနာစွမ်း၊ ကိလေခန်းဘိ၊ တိဟိတ်သန္ဓေ၊ စွဲကပ်နေသည်၊ ဉာဏ်ရွှေစိန်စက်၊ ထက်ကြောင်းတည်း။

# ရူပါဝစရစိတ် ၁၅ ပါး

**ရူပါဝစရစိတ်။** ။ ၁။ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်။
၂။ ရူပတဏှာ၏ အာရုံဖြစ်သောကြောင့် ရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်

ရူပါဝစရစိတ် ၁၅-ပါး

- ရူပါဝစရကုသိုလ်စိတ် ၅ (ရူပဘုံ၌များသောအားဖြင့် ဖြစ်တတ်သောစိတ်)
- ရူပါဝစရဝိပါက်စိတ် ၅ (ရူပဘုံသားပြဟ္မာကြီးများ၏အကျိုးဖြစ်သောပဋိသန္ဓေ-ဘဝင်-စုတိစိတ်)
- ရူပါဝစရကြိယာစိတ် ၅ (ရူပဘုံ၌များသောအားဖြင့်ဖြစ်သောရဟန္တာတို့၏စိတ်)

# ရူပါဝစရကုသိုလ်စိတ် ၅ ပါး

ရူပါဝစရကုသိုလ်စိတ်။ ။ ရူပဘုံ၌များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သော ကုသိုလ်စိတ်

ရူပါဝစရကုသိုလ်စိတ် ၅-ပါး

| | | | |
|---|---|---|---|
| ၁ | ဝိတက်၊ ဝိစာရ၊ ပီတိ<br>သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅-ပါးနှင့်<br>တကွဖြစ်သော | ပထမဈာန်<br>(ကုသိုလ်) စိတ် |
| ၂ | ဝိစာရ၊ ပီတိ<br>သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄-ပါးနှင့်<br>တကွဖြစ်သော | ဒုတိယဈာန်<br>(ကုသိုလ်) စိတ် |
| ၃ | ပီတိ<br>သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃-ပါးနှင့်<br>တကွဖြစ်သော | တတိယဈာန်<br>(ကုသိုလ်) စိတ် |
| ၄ | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့်<br>တကွဖြစ်သော | စတုတ္ထဈာန်<br>(ကုသိုလ်) စိတ် |
| ၅ | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့်<br>တကွဖြစ်သော | ပဉ္စမဈာန်<br>(ကုသိုလ်) စိတ် |

# ရူပါဝစရဝိပါက်စိတ် ၅ ပါး

ရူပါဝစရဝိပါက်စိတ်။ ။ ရူပဘုံသားဗြဟ္မာကြီးများ၏အကျိုးဖြစ်သော ပဋိသန္ဓေ-ဘဝင်-စုတိစိတ်

## ရူပါဝစရဝိပါက်စိတ် ၅-ပါး

| | | | |
|---|---|---|---|
| ၁ | ဝိတက်၊ ဝိစာရ၊ ပီတိ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော | ပထမဈာန် (ဝိပါက်) စိတ် |
| ၂ | ဝိစာရ၊ ပီတိ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် (ဝိပါက်) စိတ် |
| ၃ | ပီတိ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန် (ဝိပါက်) စိတ် |
| ၄ | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် (ဝိပါက်) စိတ် |
| ၅ | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် (ဝိပါက်) စိတ် |

# ရူပါဝစရကြိယာစိတ် ၅ ပါး

ရူပါဝစရကြိယာစိတ်။ ။ ရူပဘုံ၌ များသောအားဖြင့်ဖြစ်သော ရဟန္တာတို့၏စိတ်

## ရူပါဝစရကြိယာစိတ် ၅-ပါး

| | | | |
|---|---|---|---|
| ၁ | ဝိတက်၊ ဝိစာရ၊ ပီတိ သုခ၊ **ဧကဂ္ဂတာ** | ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော | ပထမဈာန် (ကြိယာ) စိတ် |
| ၂ | ဝိစာရ၊ ပီတိ သုခ၊ **ဧကဂ္ဂတာ** | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် (ကြိယာ) စိတ် |
| ၃ | ပီတိ သုခ၊ **ဧကဂ္ဂတာ** | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန် (ကြိယာ) စိတ် |
| ၄ | သုခ၊ **ဧကဂ္ဂတာ** | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် (ကြိယာ) စိတ် |
| ၅ | ဥပေက္ခာ၊ **ဧကဂ္ဂတာ** | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် (ကြိယာ) စိတ် |

# အဝိပ္ပါယ် ရှင်းလင်းချက်

- ဤစိတ်တို့သည် ရူပပြဟ္မာဘုံတို့၌ အများအားဖြင့် ဖြစ်ကြသော်လည်း ရူပကုသိုလ်စိတ်နှင့်ရူပကြိယာစိတ်တို့သည် လူဘုံ၌လည်းဖြစ်နိုင်ကြ၏။ ဈာန်ရသည်အထိ သမထဘာဝနာပွားများကြသော သူတို့၌ဖြစ်နိုင်ကြ၏။ ရူပကုသိုလ်စိတ်တို့သည် ဈာန်ရသည့် သောတာပန်၊ သကဒါဂါမ်နှင့်အနာဂါမ်တို့၌ ဖြစ်ကြ၏။ ရူပကြိယာစိတ်တို့သည် ဈာန်ရသည့် ရဟန္တာအရှင်မြတ်တို့၌ ဖြစ်ကြ၏။ ရူပါဝစရဝိပါက်စိတ်တို့သည် ရူပပြဟ္မာတို့၏ ပဋိသန္ဓေစိတ်များဖြစ်ကြ၏။

- **ဈာန်ဟူသည်** ၁။ အာရုံတစ်ခုအပေါ်တွင် စူးစူးစိုက်စိုက် ရှုမှတ်တတ်သောသဘော၊

  ၂။ နီဝရဏလို့ခေါ်တဲ့ အနှောင့်အယှက်တရားတွေကို လောင်ကျွမ်းပစ်နိုင်သောသဘော၊

  ၃။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစသော ဈာန်အင်္ဂါတို့၏ ၅-ပါးအပေါင်း၊ ၄-ပါးအပေါင်း၊ ၃-ပါးအပေါင်း၊ ၂-ပါးအပေါင်း၊ ၂-ပါးအပေါင်းကို ဆိုလိုသည်။

# အဓိပ္ပါယ် ရှင်းလင်းချက်

- ဈာန်အင်္ဂါဟူသည်- ဈာန်၏အင်္ဂါအစိတ်အပိုင်းဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စသည့် တစ်ခု တစ်ခုစီကို ဆိုလိုသည်။

- ဈာန်စိတ်ဟူသည်- ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ငါးပါးအပေါင်း စသည်နှင့် အတူ တကွဖြစ်သောစိတ်ကို ဆိုလိုသည်။

- ဝိတက် = ယှဉ်ဘက်စိတ်တို့ကို အာရုံသို့ တင်ပေးခြင်းသဘော။
- ဝိစာရ = အာရုံကို သုံးသပ်ခြင်းသဘော။
- ပီတိ = အာရုံကို နှစ်သက်ခြင်းသဘော။
- သုခ = ချမ်းသာသည့် ခံစားခြင်းသဘော။
- ဥပေက္ခာ = ချမ်းသာ ဆင်းရဲမဖြစ်ပဲ အလယ်အလတ် ခံစားခြင်းသဘော။
- ဧကဂ္ဂတာ = တစ်ခုတည်းသောအာရုံ၌ စိုက်ဂင် တည်တံ့ခြင်းသဘော။

# ဗဟုသုတ

မေး။ အခြားဘာသာဝင်တစ်ယောက်က အကုသိုလ်ဖြစ်မှန်းမသိပဲ အကောင်တစ်ကောင်ကိုသတ်တယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ကလည်း အကုသိုလ်ဖြစ်မှန်းသိလျက် အကောင်တစ်ကောင်ကို သတ်တယ်။ ထိုသူနှစ်ယောက်တို့တွင် မည်သူက ပို၍ အပြစ်ကြီးမည်နည်း ဖြေဆိုပါ။

ဖြေ။ အကုသိုလ်မှန်း မသိမူ၍ အကောင်တစ်ကောင်ကို သတ်သော အခြားဘာသာဝင်တစ်ယောက်၏ အကုသိုလ်မှုသည် ပို၍ အပြစ်ကြီးလေးပါသည်။

**ဥပမာနှင့်ပြရသော်** - ပူလောင်သော၊ ရဲရဲတောက်သော၊ အလျှံပြောင်ပြောင် တောက်လောင်သော မီးနှင့်တကွဖြစ်သော သံခဲ သံတုံးကို တစ်ယောက်သောသူသည် သိလျက် ကိုင်ရာ၏။ တစ်ယောက်သောသူသည် မသိမူ၍ ကိုင်ရာ၏။ အဘယ်သူသည် ပြင်းထန်စွာ လောင်ရာနည်းဟူမူ-မသိမူ၍ ကိုင်သောသူအား ပြင်းထန်စွာ လောင်ရာ၏။ ထိုနည်းဥပမာတူစွာ အကုသိုလ်ကို မသိမူ၍ ပြုလုပ်သောသူ၏အပြစ်သည် ပို၍ ကြီးလေးပါသည်။

# နိဂုံးချုပ်

ဗုဒ္ဓသာသနံ   စိရံ   တိဋ္ဌတု။

(၃-ခေါက်)

ဗုဒ္ဓသာသနံ-မြတ်စွာဘုရား၏ သာသနာတော်မြတ်

ကြီးသည်၊ စိရံ-အနစ်ငါးထောင် ရှည်မြင့်ကြာအောင်၊

တိဋ္ဌတု-အရှည်ခန့်၍ တည်တံ့နိုင်ပါစေသတည်း။

သာဓု   သာဓု   သာဓု